http://www.cherrythitsar.org



bbxe; pDpOfonf/

---

aersl;pmya'om

trSwf (129)? (34) vrf;(tv,f)? ausmufwHwm;NrdKUe,f? &efukefNrdKU/

zkef; - 273024

http://www.cherrythitsar.org

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။**

## ပြည်သူ့သဘောထား

p ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

p နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

p နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

p ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

http://www.cherrythitsar.org

# ou&mZrs0;rsm;acwlyl\itEynm*&y

# opme

http://www.cherrythitsar.org

**စာမူခွင့်ပြုချက်အမှတ်** ၄၀၀/၂၀၀၀ (၆)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** ၂၁၂/၂၀၀၂(၃)

**ပထမအကြိမ်**

၂၀၀၂ ခုနှစ်၊ မတ်လ၊ အုပ်ရေ (၅၀၀)

တန်ဖိုး – ၃၀၀ ကျပ်

**အဖုံး/အတွင်းအနုပညာ**

ဘိုဘိုထွန်း

**ကွန်ပျူတာစာစီ**

"စံ" ၁၂၉/၃၄ လမ်း

**အတွင်းဖလင်**

နိုင်ကြီး

**စာအုပ်ချုပ်**

လှိုင်၊ ကိုတင်အေး ၁၉/၁၀၁ လမ်း

**အဖုံး/အတွင်းပုံနှိပ်ရိုက်**

နေမျိုးပုံနှိပ်တိုက် (၀၅၄၉၅)

အမှတ် ၉၁၊ ဗိုလ်ဥတ္တမလမ်း၊ ကြည့်မြင်တိုင်။

**ထုတ်ဝေသူ**

ဦးကျော်ဟင်း(၀၉၁၀) ယုံကြည်ချက်စာပေ

အမှတ်–၁၁၁၊ ၃၃–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

http://www.cherrythitsar.org



ရည်ညွှန်းချက်. . .
၂၀၀၀ ပြည့်နှစ်သို့. . .

## အမှာစကား

ဤစာအုပ်ငယ်မှာ အနုပညာဂျာနယ်တွင် (၁၀)ပတ်တိုင်တိုင် အပတ်စဉ်ဖော်ပြခဲ့သော ဆောင်းပါးများကို စုစည်းထုတ်ဝေလိုက်ခြင်း ပင်ဖြစ်ပါသည်။ ထိုစာအုပ်ကို ပြုစုရန် အခြေခံအဖြစ် နယူးယော့မှာ ထုတ်ဝေသော "Artspeak" မဂ္ဂဇင်းမှ ဂရပ်ကို အမှီပြုခဲ့ပါသည်။ သို့သော် မူရင်းမှာ ပန်းချီဝါဒတစ်ခုတည်းကိုသာ အားပြုဖော်ပြထားပါ သဖြင့်၊ တခြားအနုပညာရပ်များ (ရုပ်ရှင်၊ သဘင်၊ စာပေ၊ ဂီတ) စသဖြင့် စုံလင်နိုင်သမျှ စုံစုံလင်လင် ပါဝင်အောင်၊ မိမိဖာသာ ရှာဖွေ စုဆောင်းဖြည့်စွက်ခဲ့ရပါသည်။

အနှစ်ငါးဆယ်အတွင်း ဖြစ်ထွန်းခဲ့သော အနုပညာ လက်ရာများအနက်မှ အမှတ်ရထိုက်သည်ထင်သော လက်ရာများကို ရွေးချယ်ဖော်ပြခဲ့သော်လည်း၊ မိမိ၏အဖက်ဖက်မှ ချို့ယွင်းချက်ကြောင့် ပါသင့်ပါထိုက်သော်လည်း၊ ကြွင်းကျန်ရစ်ခဲ့သည့် အနုပညာလက်ရာ များ ရှိမည်ပင်ဖြစ်ကြောင်း ကြိုတင်ဝန်ခံပါသည်။ မိမိသဘောကျသလို ဖြည့်စွက်နိုင်ပါသည်။

ဤစာအုပ်ပါအနုပညာသစ်များ၏ ဝါဒများကို ထိုက်တန် သရွေ့ ပြည့်ပြည့်ဝဝဖြစ်အောင် ဖော်ပြချင်သော်လည်း “ဂရပ်”

http://www.cherrythitsar.org



ဆိုသော စကားနှင့် လျော်ညီအောင် ကောက်ကြောင်းမှုကိုသာ ဖော်ပြနိုင်ခဲ့ပါသည်။ ခေတ်၊ သက္ကရာဇ် ၊နိုင်ငံတကာ တခြားထင်ရှားသော အဖြစ်အပျက်များနှင့် အနုပညာသစ်များ ဖြစ်ထွန်းမှု၊ ဆက်နွယ်ခြင်းရှိမရှိ စေ့ငုသုံးသပ်နိုင်ရုံသာ ရည်ရွယ်ပါသည်။ မော်ဒန်ဝါဒ မရှိတော့ဘူးဆိုတာ မဟုတ်ကြောင်း၊ စဉ်ဆက်မပြတ် ထွန်းကားနေသည့် ခေတ်သစ်အနုပညာဝါဒများနှင့် လက်ရာအဖုံဖုံကို၊ အနုပညာသစ်အား ခုံမင်စွဲလမ်းသူတို့ အာသာပြေရုံမျှ သိရလျှင်ပင် ဤစာအုပ် ထုတ်ဝေရကျိုးနပ်ပြီဟု ယူဆပါကြောင်း။

လေးစားလျက်
သစ္စာနီ
(၁. ၁. ၀၀)

http://www.cherrythitsar.org



## ၁၉၄၅



ဂျပန်နိုင်ငံပေါ်သို့ အနုမြူဗုံးကြဲခဲ့ပုံ

ထရူးမင်း အမေရိကန်နိုင်ငံ၏သမ္မတ ဖြစ်လာသည်။ ဟီရိုရှီးမားနှင့် နာဂါစကီမြို့များပေါ်သို့ အနုမြူဗုံး ကြဲခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားသည်။ ဟစ်တလာ ကိုယ့်ကိုယ်ကို သတ်သေသည်။ ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကို ဆန်ဖရန်စစ္စကိုမြို့တွင် လက်မှတ်ရေး ထိုးခဲ့ကြသည်။

အီတလီနိုင်ငံတွင် ဒါရိုက်တာရောဘတ်တိုရိုစလီးနီးက Open City ဆိုသော ဇာတ်ကားကို ရိုက်ကူးလိုက်ရာမှ သရုပ်မှန်ဝါဒသစ် Neo Realism ဆိုသည့် လမ်းကြောင်းတစ်ခု ရုပ်ရှင်လောကတွင်



ရိုးစလီးနီး၏ Open City

http://www.cherrythitsar.org





**အော်ဆန်ဝဲလ်ရိုက်ကူးသည့် The Trail ဇာတ်ကားမှ ဇာတ်သိမ်းခန်းတစ်ကွက်**

ပေါ်ပေါက်လာ၏။ (ဒုတိယကမ္ဘာစစ် မတိုင်မီက ကမ္ဘာတစ်ဝှမ်းလုံးလိုလိုပင် ရုပ်ရှင်ကားများကို ကြီးကျယ်ခမ်းနားသည့် ကုမ္ပဏီပိုင် စတူဒီယိုကြီးများတွင်သာ လိုအပ်သမျှသော ဆက်တင်အခမ်းအနားများကို ဆောက်လုပ်၍ စိတ်တိုင်းကျရိုက်ကူးလေ့ရှိကြ၏။ စစ်ပြီးသောသောအခါ စစ်ဒဏ်ကြောင့် ရုပ်ရှင်စတူဒီယိုကြီးများ အားလုံးလိုလိုပင် ဆုံးရှုံးလျက်ရှိရာ ရိုစလီနီးသည် သူ့ရုပ်ရှင်ကားကို တကယ့်သဘာဝ မြို့ပျက်ကြီးနှင့် လမ်းများပေါ်တွင်သာ ရိုက်ကူးခဲ့ရ၏။ ထိုသဘာဝကျလှသော အစစ်အမှန် မြင်ကွင်းများက ပရိသတ်အာရုံကို ဆန်းသစ်စေခဲ့လေသည်)

ကမ္ဘာကျော် ဆာရီရယ်လစ်ဇင်း၊ ပန်းချီကျော် ဒါလီက သဲထိတ်ရင်ဖိုဝိဇ္ဇာ၊ ဒါရိုက်တာကြီး အဲ့ဖရက်ဟာစ်ကော့၏ Spell Bound Sequence အတွက် ဒီဇိုင်းထုတ်လုပ်ပေးခဲ့သည်။

http://www.cherrythitsar.org



ပြင်သစ်ပန်းချီဆရာ Jeam Dubuffet က Art Brut (ဘရွတ် ဟု အသံထွက်ပါ) ဟူသော အမည်ကို တီထွင်အသုံးပြုလိုက်သည်။ အဓိပ္ပါယ်မှာ အကြမ်းထည်ပန်းချီ Raw Art ဟုပြောရပေမည်။ ကလေးပန်းချီနှင့် ထုံအ,သော ပန်းချီ ဆရာများ၊ စိတ်ရောဂါသည် ပန်းချီဆရာများ၏ လက်ရာကို အမွှန်းတင်သောသဘော ဖြစ်သည်။ ဤကဲ့သို့ လက်ရာနှင့် အယူအဆများ ထွက်ပေါ်လာအောင် Dubuffet ကို အကြီးအကျယ် ဩဇာညောင်းခဲ့သော စာအုပ်မှာ ၁၉၂၂ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် Hans Prin Zhorn ၏ စိတ္တဇပန်းချီ (The Art of the Lnsance) ဆိုသော စာအုပ်ဖြစ်၏။



**နယူးယော့ မော်ဒန်အတ်ပန်းချီပြတိုက်ရှိ(ဆီဆေး)**
Jeam Dubuffet **၏** Art Brut **ပန်းချီလက်ရာ**

http://www.cherrythitsar.org



## ၁၉၄၆

ကိုးနှစ်ကြာမြင့်မည့် ပြင်သစ်၊ ဗီယက်နမ်စစ်ပွဲ စတင်ဖြစ်ပွားသည်။ ဝန်စတန်ချာချီက ကွန်မြူနစ်နိုင်ငံများကို 'သံကန့်လန့်ကာ' ဟု စတင်ဝေဖန်သုံးစွဲလိုက်၏။ ဆိုဗီယက်နိုင်ငံတွင် ဘောရစ်ပါစတာနတ်၏ ဒေါက်တာဇီဗားဂိုးဝတ္ထု ထွက်ပေါ်လာသည်။ ပစ္စည်းမဲ့တော်လှန်ရေးအပေါ် သုံးသပ်ချက်များကြောင့် ကမ္ဘာတွင်ဂယက်ထ,ခဲ့။ (ထိုဝတ္ထုမှ ၁၉၅၈ တွင် ကမ္ဘာကျော်စာပေဆုရသည်။ စာရေးဆရာ သွားရောက်မယူ)




**ဘောရစ်ပါစတာနတ်၏ စာပေဆုရ ဒေါက်တာဇီတဂိုးဝတ္ထုကို ပြန်လည်ရိုက်ကူးသော ရုပ်ရှင်ကား။ ဒါရိုက်တာမှာ ဒေးဗစ်လင်းဖြစ်၍ ထိုကားသည် အော်စကာရှစ်ဆုရရှိခဲ့သည်၊ (မြန်မာနိုင်ငံတွင်ပြပြီး)**

နယူးယော့ ခေတ်ပြိုင်ပန်းချီလောကတွင် Robert Coaten ပထမဆုံးအနေဖြင့် Abstract Expressionism ဆိုသော ဝေါဟာရကို ထွင်ကာ စတင်သုံးစွဲခဲ့သည်။ (ထိုဝါဒမှာ အမေရိကန်နိုင်ငံတွင် ၁၉၅၀ ခုနှစ်များတွင် ပေါ်ပေါက်ခဲ့သော ဝါဒဖြစ်ကာ ထင်ရှားသော ပန်းချီဆရာများမှာ ဒူကူးနင်၊ ဂျက်ဆင်ပိုးလော့၊ ဘားနက်၊ နယူးမင်း၊

http://www.cherrythitsar.org



ဖီးလစ် ဂစ္စတွန်၊ ဖရန့်ကလိုင်း စသူများဖြစ်၏။ စိတ္တဇအင်ပရက်ရှင်းနစ်ဇင်းလှုပ်ရှားမှုသည် အမေရိကန်မှတစ်ဆင့် ဥရောပသို့ ကူးစက်သွားသည်။ ထိုသြဇာဖြင့်ရေးသော ဥရောပပန်းချီ ဆရာများမှာ Ennst Fernand Leger Pret Mondraian စသူတို့ဖြစ်၏။ ဥရောပတွင်မူ မူကွဲတစ်ခုအနေဖြင့် ထိုဝါဒကို Art Informel ဟု သုံးနှုန်းကြသည်။ ပြင်သစ် ပန်းချီဝေဖန်ရေးဆရာ Michel Topie ၁၉၅၂ တွင် ထုတ်ဝေသော Another Art စာအုပ်တွင်ရှုပါ)



**ဂျက်ဆင်ပိုးလော့၏ Abstract Ezpressionism လက်ရာပန်းချီကား**
**(လော့အိန်ဂျလိစ် ခေတ်ပြိုင်ပန်းချီပြတိုက်တွင်ရှိသည်)**

## ၁၉၄၇

အိန္ဒိယနိုင်ငံသည် ဗြိတိသျှလက်အောက်မှ လွတ်မြောက် ကာ အိန္ဒိယနှင့် ပါကစ္စတန်ဟု နှစ်ပိုင်းကွဲသွားသည်။ ဗြိတိသျှဘုရင်မ အယ်လီဇဘက်နှင့် မင်းသားဖီးလစ်တို့ လက်ထပ်ကြသည်။ ခေတ်ပြိုင် အနုပညာပန်းချီသိပ္ပံ Institute of Contemparary Arts ကျောင်းတော်ကြီးကို လန်ဒန်မြို့တွင် အုတ်မြစ်ချခဲ့သည်။

http://www.cherrythitsar.org



## ၁၉၄၈

ထရူးမင်း အမေရိကန်သမ္မတအဖြစ် ဒုတိယအကြိမ် အရွေးချယ်ခံရသည်။ အစ္စရေးနိုင်ငံထူထောင်ရန် ပြည်ပတွင် နေသူများအား ပြောင်းရွှေ့လာရန် ဖိတ်ခေါ်သည်။ မဟတ္တမဂန္ဒီ လုပ်ကြံခံရသည်။ အော်ဆန်ဝဲလ် ၏ ကမ္ဘာကျော် Citzen Kane ဇာတ်ကား ထွက်ပေါ်လာသည်။ (ထိုကားမှာအနုပညာပြောင်မြောက် လွန်းမှုကြောင့် ယနေ့တိုင် စံထား လေ့လာနေရသော ဇာတ်ကား ဖြစ်သည်။ ) နောက်ပိုင်းတွင် အော်ဆန်ဝဲလ်သည် ဂျာမနီမှ ကမ္ဘာကျော်စာရေးဆရာ ကပ်ဖကာ ၏ စီရင်ချက် The Trail ဇာတ်ကားကိုလည်း ရုပ်ရှင်ရိုက်ပြခဲ့သည်။ ထိုဝတ္ထုမှာ နားလည်ရ ခက်သဖြင့် နာမည်ကြီးသည်။ မြန်မာပြည်တွင် အင်မတန် လူကြိုက်များသော အမေရိကန်သင်္ကေတဝါဒီ ကဗျာ ဆရာကြီး တီးအက်စ်အဲလီယော့ ကမ္ဘာကျော်စာပေဆုကြီး ချီးမြှင့် ခံရသည်။



ဆရာကြီး အော်ဆန်ဝဲလ်

## ၁၉၄၉

တရုတ်နိုင်ငံ ပြည်တွင်းစစ်ပြီးဆုံးသွားသည်။ နေတိုးစစ်စာချုပ်အဖွဲ့ ပေါ်ပေါက်လာသည်။ ဂျာမနီသည် အရှေ့နှင့်အနောက်ဟု နှစ်ခြမ်းကွဲသွားသည်။ ဆိုဗီယက် နိုင်ငံက သူ၏ ပထမဆုံးအနုမြူပုံးကို စမ်းသပ်ဖောက်ခွဲခဲ့သည်။



**ပြင်သစ်ဖြစ်တည်မှုဝါဒီ ဆရာမကြီး စီမွန်းဒီဗိုးဗွား**

ပြင်သစ်မှ နိုင်ငံကျော်ဖြစ်တည်မှု ပဓါနဝါဒီဆရာမကြီး စီမွန်းဒီဗိုးဗွား၏ ဒုတိယလိင် The Second Sex အမည်ရှိသော စာအုပ်ထွက်လာသည်။ (နောင်အနှစ်ငါးဆယ်တိတိ ကြာသောအခါ၊ ထိုစာအုပ်ကို မြသန်းတင့်က 'မိန်းမတို့ အကြောင်း' အမည်ဖြင့် မြန်မာပြန်ဆိုကာ ထုတ်ဝေခဲ့သည်။) တစ်အုပ်တည်းရေးကာ ကမ္ဘာကျော်ခဲ့သော Gone with the wind စာအုပ်ရေးသားခဲ့သူ စာရေးဆရာမကြီး မားဂရက်မစ်ချယ် ကွယ်လွန်သည်။ ဂျော့အော်ဝဲလ်၏ ခေတ်ကြီး (၁၉၈၄) စာအုပ် ထုတ်ဝေခဲ့၏။

http://www.cherrythitsar.org





**KAREL APPEL ၏ CoBrA လက်ရာ**
**(ဘော့စတွန်ပန်းချီအနုပညာပြတိုက်တွင် ရှိသည်)**

အက်စတာဒမ်မြို့တွင် ပထမဆုံး CoBrA ပန်းချီ ပြပွဲ ပြသခဲ့၏။ (မြောက်ဥရောပတွင် ၁၉၈၄ မှ ၅၁ အတွင်း ပေါ်ထွန်းခဲ့သော ဝါဒဖြစ်သည်။ ဦးဆောင်လှုပ်ရှားခဲ့သူများမှာ Pierre Alechinsky (ဘဲလ်ဂျီယမ်)၊ Karel Apple (နယ်သာလန်)၊ Asger Jorn (ဒိန်းမတ်) စသူတို့ဖြစ်သည်။ CoBrA ဆိုသောအမည်မှာ ထိုဝါဒကို ဦးဆောင်သော ပန်းချီဆရာတစ်စုနေထိုင်သည့် မြို့သုံးမြို့ ကိုပင်ဟေဂင် (Copenhagen)၊ ဘရပ်ဆဲလ် (Brussels)၊ အက်စတာဒမ် (Amsterdan) အမည်များကို ပေါင်းစပ်မှည့်ခေါ်ထားခြင်း ဖြစ်သည်။ နောက်ပိုင်းတွင် သူတို့ရေးဟန်ကြောင့် ပန်းချီ လောကတွင် CoBrA စတိုင်လ်ဟူသော အရောင်ပြည့်ပြည့် လျှမ်းလျှမ်း၊ စုတ်ချက်ရဲရဲ ကြမ်းကြမ်းရေးနည်းတစ်မျိုး ခေတ်စားခဲ့၏။)

http://www.cherrythitsar.org



## ၁၉၅၀

ကိုရီးယားနိုင်ငံတွင် ပြည်တွင်းစစ် စတင်ဖြစ်ပွားသည်။ နှစ်ဆယ်ရာစုခေတ်၏ အတွေးအခေါ်ရှင်ကြီးဟု နာမည်ကြီးသော ဘာထရန်ရပ်ဆဲလ် ကမ္ဘာကျော်စာပေဆု ချီးမြှင့်ခြင်းခံရသည်။ သူသည် ဝတ္ထုများလည်း ရေးဖွဲ့သူဖြစ် သည်။ နယူးယော့မှ တိုးတက် သော ဒေါသကုမ္ပာရလူငယ် ပန်းချီဆရာတစ်စုက ရွေးဆန်လွန်းသော နာမည်ကျော် မက်ထရိုပိုလီတန်အနုပညာပြတိုက်၏ သဘောထားကို ကန့်ကွက်ဆန့်ကျင်ကြသည်။

## ၁၉၅၁

ဝင်စတန်ချာချီ ဒုတိယအကြိမ် ဗြိတိသျှဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံရသည်။ ဂျပန်ဒါရိုက်တာကြီး ကူရိုဆားဝါး၏ ရာရှိုးမွန်း Rashomon ရုပ်ရှင်ဇာတ်ကား ပြင်သစ်နိုင်ငံတကာပွဲတော်တွင် ဆုရရှိ



**ကူရိုဆားဝါး၏ နာမည်ကျော်လက်ရာဖြစ်သော အောက်ဆုံးအလွှာ ရုပ်ရှင်ကား (ထိုရုပ်ရှင်မှာ ဂေါ်ကီ၏ The Lower Depths ကို မှီငြမ်းခြင်းဖြစ်သည်)**

http://www.cherrythitsar.org



ခဲ့သည်။ အာရှနိုင်ငံများမှ ပထမဆုံးဆုရှင်ဖြစ်သည်။ ရာရှိုးမွန်း၏ မူရင်းဝတ္ထုမှာ ဂျပန်စာရေးဆရာကြီး အကူတာဂါဝါး ဖြစ်၏။ နောက်ဆုံး CoBrA ပန်းချီပြပွဲကို ကျင်းပခဲ့သည်။ 'ပန်းချီဆရာများနှင့် ကဗျာဆရာအပေါ် ဒါဒါဝါဒ၏ သြဇာ' ဆိုသော စာအုပ်ကို Robert Mother well က တည်းဖြတ်ထုတ်ဝေခဲ့သည်။

Jean Dufuffet သည် Art Brut ပန်းချီဝါဒနှင့် ပတ်သက်သော Anti-Cultural Positions ဆိုသည့် ဟောပြောချက်ကို ချီကာဂို အနုပညာကလပ်တွင် ဖြန့်ဖြူးပို့ချခဲ့သည်။

## ၁၉၅၂

အမေရိကန်တွင် အိုက်စင်ဟောင်းဝါး သမ္မတ ဖြစ်လာကာ၊ ပထမဆုံး ဟိုက်ဒရိုဂျင်ဗုံးကို စမ်းသပ်ဖောက်ခွဲခဲ့သည်။

ဆင်မြူရယ်ဘက်ကက်သည် သူ၏ ကမ္ဘာကျော် Waiting For Godot ပြဇာတ်ကို ရေးသားထုတ်ဝေခဲ့သည်။


စာရေးဆရာကြီး ဆင်မြူရယ်ဘက်ကက်

Michel Tapien ၏ Another Art ဆိုသော စာအုပ်ကို ရိုက်နှိပ်ထုတ်ဝေလိုက်ရာမှ Art Informel ဆိုသော ဝေါဟာရ ခေတ်စားလာသည်။ (၁၉၅၀ ခုနှစ်များအတွင်း ပါရီတွင် ပေါ်ထွန်းလာသော

http://www.cherrythitsar.org



ပန်းချီဝါဒ တစ်ခုဖြစ်သည်။) Informelism စည်းမျဉ်းမဲ့ဝါဒဟု အဓိပ္ပါယ် ဖွင့်ဆိုရမည်။ သူ့တွင် လိုက်နာရမည့် ပန်းချီစည်းကမ်းဟူ၍ တိတိကျကျ မည်မည်ရရ မရှိ။ Georges Mathieu ၏ စုတ်တံကို ရေးချင်သလို ပစ်စလက်ခတ် လျှောက်ရေးခြင်းမျိုး၊ ဆေးတောင့်ထဲမှ ဆေးကို စုတ်တံအသုံးမပြုဘဲ တိုက်ရိုက် ကင်းဗတ်ပေါ်တွင် ညှစ်တာမျိုး၊ နောက်ပိုင်း Abstract Expressionist ပန်းချီဆရာ ဂျက်ဆင်ပိုးလော့၏ ဆေးစက်ချ ရေးနည်းဖြစ်သော Drip Paintings နည်းတို့မှာ ဤဝါဒမှ ဆင်းသက်လာသည်ဟု ဆိုနိုင်လေသည်။

ဟာရိုးရိုဇင်ဘတ်၏ Action Painting ပန်းချီ ပေါ်ထွန်းလာသည်။ လွတ်လပ်သောအုပ်စုက ခေတ်ပြိုင် ပန်းချီသိပ္ပံကျောင်းကို လန်ဒန်တွင် ဖွင့်လှစ်ခဲ့သည်။ ယင်းမှာ Pop Art အနုပညာ ပေါ်ထွန်းရေးအတွက် များစွာအထောက်အကူပြုခဲ့လေသည်။

## ၁၉၅၃

စတာလင် ကွယ်လွန်ကာ ကရုးရှက် ပါတီအတွင်းရေးမှူး ဖြစ်လာသည်။ ကိုရီးယားစစ်ပွဲ ပြီးဆုံးသွားသည်။ သတ္တဝါအစ ဖြစ်ပေါ်မှုတွင် အင်မတန်အရေးကြီးသော Dna တည်ဆောက်ပုံကို ဇီဝဗေဒ ပညာရှင်များ ရှာဖွေတွေ့ရှိကြသည်။

ကင်ဆေး၏ နာမည်ကျော် Sexual Behavior in the Human Female ဆိုသည့် လိင်ပညာပေးစာအုပ် ထွက်ပေါ်လာသည်။

http://www.cherrythitsar.org



## ၁၉၅၄

ဒိန်ဗင်ဖူးတိုက်ပွဲတွင် ပြင်သစ် ရှုံးနိမ့်သည်။ ဗီယက်နမ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ ထူထောင်သည်။ ဂျပန်မော်ဒန် ပန်းချီဆရာများ Gutai အုပ်စုသည် အိုဆာကာ မြို့တွင် ပြပွဲကျင်းပခဲ့သည်။

## ၁၉၅၅

နေတိုးကို ဆန့်ကျင်ရန် ဝါဆောအဖွဲ့ကို ဖွဲ့ခဲ့ကြသည်။ အင်္ဂလန်နိုင်ငံတွင် ကော်မာရှယ်ရုပ်မြင်သံကြား လုပ်ငန်းစတင်ခဲ့သည်။ ဆင်မြူရယ်ဘက်ကက်၏ ဂိုးဒက်ကို စောင့်ဆိုင်းခြင်း ပြဇာတ်ကို နယူးယော့မြို့တွင် စတင်ကာ ကပြခဲ့သည်။ ရီလစ်တီဗီသီအိုရီပညာရှင် အိုင်းစတိုင်း (အသက် ၇၆) ကွယ်လွန်အနိစ္စ ရောက်ခဲ့သည်။ ဂျာမနီနိုင်ငံတွင် ပထမဆုံး Documenta ပြပွဲကို ကျင်းပခဲ့သည်။ Documentation ဆိုသည်မှာ ဓာတ်ပုံ၊ ဗွီဒီယိုတိပ်ခွေ သို့မဟုတ် စာဖြင့် ရေးသားသော အနုပညာရှင်တစ်ဦး၏ လက်ရာကို (ပြပွဲ သို့မဟုတ် သမိုင်း) အတွက် ရည်ရွယ်ကာ မှတ်တမ်းတင်သော သဘောဖြစ်သည်။ ထို Documentation ကို



**EARTH ART**

အကြောင်းပြု၍ Conceptuarl Art အထူးသဖြင့် Earth Art နှင့် Performance Art တို့ ပေါ်ထွန်းလာသည်။ ထိုဓာတ်ပုံ၊ ဗွီဒီယိုတိပ်ခွေတို့ကိုပင် အနုပညာတစ်ရပ် အနေဖြင့် ပြပွဲတင်ခြင်း၊ ရောင်းချခြင်း ပြုကြလေသည်။

The Family of man ဟူသော အမည်ဖြင့် နိုင်ငံပေါင်း (၆၈) နိုင်ငံမှ ဓာတ်ပုံ ပေါင်း (၅၃၀) ကို နယူးယော့ မော်ဒန်ပန်းချီ ပြတိုက် (Museum of Modern Art) တွင် ပြသခဲ့သည်။ ဆယ်စုနှစ်တစ်ခုအတွင်း အဖြစ်အပျက်များပင်ဖြစ်သည်။ သူတို့ ပေးချင်သော အချက်အလက်မှာ 'We are all one' ဟူသော အချက်ပင် ဖြစ်လေသည်။



**Joseph Koseth ၏ Conceptuarl Art လက်ရာတစ်ခုဖြစ်သော 'ကုလားထိုင်တစ်လုံးနှင့် သုံးလုံး'၊ ကုလားထိုင်တစ်လုံးမှာ ပကတိသစ်သားဖြင့် ပြုလုပ်ထားသော ကုလားထိုင်ဖြစ်၍ နောက်ကုလားထိုင်မှာ ထိုကုလားထိုင်ကို ရိုက်ယူထားသော ဓာတ်ပုံဖြစ်သည်။ ကျန်တစ်ခုမှာ ကုလားထိုင် ဟူသော ဝေါဟာရကို အဘိဓာန်ထဲတွင် ဖွင့်ဆိုထားသော အနက်ဖြစ်သည်။**

## ၁၉၅၆

အိုက်စင်ဟောင်းဝါး အမေရိကန်သမ္မတအဖြစ် ပြန်လည်အရွေးချယ်ခံရသည်။ နတ်ဆာသည် အီဂျစ်နိုင်ငံ၏ သမ္မတဖြစ်လာပြီး စူးအက်တူးမြောင်းကိစ္စနှင့် ပတ်သက်ကာ အင်္ဂလန်၊ ပြင်သစ်၊ အစ္စရေးတို့ စစ်ဖြစ်ခဲ့လေသည်။ ကရူးရှော့က လွှတ်တော်တွင် ပထမဆုံးအကြိမ်အဖြစ် စတာလင်ကို ဝေဖန်ပြစ်တင်ခဲ့သည်။ ဂျပန်နိုင်ငံ ကုလသမဂ္ဂဝင်ခွင့်ရခဲ့သည်။ ဖြစ်တည်မှု ပဓာနဝါဒကို ဝေဖန်သော ကောလင်းဝီလ်ဆင်၏ The outsider စာအုပ် ထွက်လာသည်။



**ဆြာထရာဂျစ်ရေး၏ ကမ္ဘာ့ရုပ်ရှင်ပွဲတော်တွင် ဆုရသော ပန်သာပန်ချာလီဇာတ်ကားမှ**

ဘင်္ဂါလီဒါရိုက်တာ ဆြာထရာဂျစ်ရေး၏ Pather Panchali ပန်သာပန်ချာလီရုပ်ရှင်ကား၊ ကမ္ဘာရုပ်ရှင်ပွဲတော်တွင် အကောင်းဆုံးဇာတ်ကားဆု ရခဲ့သည်။ ဆုရသော အာရှမှ ဒုတိယမြောက် ဒါရိုက်တာဖြစ်သည်။

http://www.cherrythitsar.org



အသည်းကွဲ ဟိုတယ်သီချင်းဖြင့် အမေရိကန်မှ အဲဗစ် ပရက်စလေ (၂၁) နှစ် ကမ္ဘာကျော်ခဲ့သည်။ သူ့ကြောင့် တစ်ကမ္ဘာလုံး ရော့အင်ရိုးရောဂါ ကူးဆက်သွားသည်။

အင်္ဂလန်တွင် The Beatles တီးဝိုင်းစတင်ခဲ့သည်။ ဦးဆောင်သူ နှစ်ဦးမှာ ဂျွန်လင်နွန် (၁၆) နှစ် နှင့် ပေါမက္ကနေး (၁၄) နှစ်တို့ ဖြစ်သည်။

ဘီမျိုးဆက်ခေါင်းဆောင်တစ်ဦးဖြစ်သည့် အလန်ဂင်းစဘတ် ၏ Howl ကဗျာစာအုပ် ထွက်ပေါ်လာသည်။ John Osborne ၏ Look Back in Anger ပြဇာတ်ကို လန်ဒန်တွင် တင်ဆက်ကပြသည်။ ဒေါသဖြစ်နေသော ဗြိတိသျှလူငယ်များကို ပွဲထုတ်ခဲ့ခြင်းဖြစ်ပါသည်။ Ricard Hamilton ပထမဆုံး Pop Art လက်ရာပြပွဲကို လန်ဒန်ရှိ ခေတ်ပြိုင် ပန်းချီအနုပညာသိပ္ပံတွင် ကျင်းပခဲ့သည်။

## ၁၉၅၇

ဆိုဗီယက်ရုရှားမှ စပွတ်နစ်တစ်နှင့် စပွတ်နစ်နှစ် တို့ကို အာကာသထဲသို့ လွှတ်တင်ခဲ့သည်။ ဥရောပဘုံဈေးအဖွဲ့ကို စတင် ဖွဲ့စည်းသည်။ ပထမဆုံး နျူကလီယားစွမ်းအင်သုံး စက်ရုံကြီးတစ်ခုကို အမေရိကန်က တည်ဆောက်နိုင်ခဲ့သည်။

ဇာတ်ကြောင်းမပါသော ဝတ္ထုပုံသဏ္ဍာန်သစ်တစ်မျိုးကို ရေးဖွဲ့ နိုင်ရန်အတွက် ပြင်သစ် အိတ်ဇင်းစတယ်ရှယ်လစ် စာရေးဆရာကြီး

http://www.cherrythitsar.org



ယန်းပေါ်ဆက်က Anti Novel ဆိုသော ဝေါဟာရတစ်လုံးကို တီထွင်သုံးစွဲခဲ့သည်။ တခြား အိတ်ဇင်းစတယ်ရှယ်လစ် ပြင်သစ်စာရေးဆရာ ကမူးသည် The Outsider ဝတ္ထုဖြင့် ကမ္ဘာကျော်စာပေဆုချီးမြှင့်ခံရသည်။ ၁၉၆၀ ခုနှစ်များ အလယ်လောက်က အမေရိကန်နိုင်ငံတွင် ခေတ်စားသော ခေတ်ပြိုင် Bay Area Figurative ပန်းချီပြပွဲကို Oakland ပန်းချီပြတိုက်တွင် ပြုလုပ်ခဲ့သည်။

## ၁၉၅၈

ချားလ်ဒီဂေါ ပြင်သစ်သမ္မတအဖြစ် အရွေးခံရသည်။ အမျိုးသားအာကာသစူးစမ်းလေ့လာရေးအဖွဲ့ NASA ကို အမေရိကန်တွင် စတင်ဖွဲ့စည်းသည်။

မနုဿဗေဒပညာရပ်အတွက် အရေးပါလှသော Cloude Livi Strauss ၏ Structural Anthropology စာ အုပ်ထုတ်ဝေခဲ့၏။ ဘောရစ်ပါစတာနတ်ကို ဒေါက်တာဇီဗာဂိုး ဝတ္ထုအတွက် ကမ္ဘာကျော်စာပေဆုချီးမြှင့်ခဲ့သည်။ (မောင်သစ္စာ ဆိုသူက နှစ်တွဲခွဲကာ မြန်မာပြန်ထုတ်ဝေခဲ့သည်)

ဒါဒါဝါဒသစ် Neo-Dada ဆိုသော စကားလုံးကို Artnews မဂ္ဂဇင်းတွင် စတင်တွေ့ရသည်။ (၁၉၅၀ နှင့် ၆၀ အတွင်း အမေရိကန်တွင် ပေါ်ပေါက်ခဲ့သော ဝါဒဖြစ်သည်။ ရောဘတ်ရိုဇင်ဘတ်၊ ဝါးလေ့ဘာမင်း၊ ဘရစ်ကွန်နား၊ ဂျက်စပါကွန် စသူတို့ဦးဆောင်ခဲ့ကြသည်။)

http://www.cherrythitsar.org





**ရိုဇင်ဘတ်၏ နီရိုဒါဒါလက်ရာ**
**(စတော့ဟုမ်း မော်ဒန်ပန်းချီပြတိုက်တွင်ရှိသည်)**

ထိုဒါဒါဝါဒသစ် ဟူသော စကားလုံးကို စတင်တွေ့ရှိရသည်မှာ ပန်းချီသတင်းမဂ္ဂဇင်း Artnews ၁၉၅၈ ခုနှစ်၊ ဇန်နဝါရီလထုတ်ထွင် ဖြစ် သည်။ ဂျက်စပါဂျွန်၊ အလန်ကက်ရိုး၊ ရောဘတ်ရိုဇင်ဘတ်တို့၏ လက်ရာများကို ဝေဖန်သုံးသပ်ရာမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ဒါဒါဆိုသည်မှာ (၂၀)ရာစု စောစောပိုင်းက ပေါ်ပေါက်ခဲ့သော အနုပညာလှုပ်ရှားမှုတစ်ခု ဖြစ်၏။ ဒါဒါဝါဒသစ်ဆိုသည်မှာ Abstract Expressionism နှင့် Pop Art အနုပညာ နှစ်ရပ်ကြားတွင် ပေါင်းကူး ထိုးပေးသော တံတားတစ်စင်းသာ ဖြစ်သည်။

(NEODADA ကို တန်ပြန်သည့် အနေဖြင့် ဥရောပတွင် Nouveau Realism ပန်းချီ ထွက်ပေါ်လာခဲ့၏)

http://www.cherrythitsar.org



Jules Langsner က Hard Edge Painting ဆိုသည့် ဝေါဟာရကို စတင်တီထွင် သုံးစွဲ ခဲ့သည်။ အမေရိကန်တွင် ၁၉၅၀ နှစ်များနှင့် ၆၀ အကြား ပေါ်ထွန်း ခဲ့သော ဝါဒဖြစ်သည်။ လော့အိန် ဂျယ်လိစ်မှ ပန်းချီဝေဖန်ရေးဆရာတစ်ဦးဖြစ်သူ Langsner က စတင် သုံးစွဲခဲ့သည်။ ထိုဝါဒနှင့်ပတ်သတ်၍ ထင်ရှားသော ပန်းချီဆရာများမှာ Kral Benjamin, Lorser Feitelson, Frederick Hammersley, John Melaughlin စသူတို့ဖြစ်ပါသည်။



ဂျက်စပါလွှန်၏ နီရိုဒါဒါလက်ရာတစ်ခု



အော်ဒင်ဘတ်၏ Pop Art လက်ရာ

http://www.cherrythitsar.org



Pop Art ဟူသော စကားလုံးကို ပုံနှိပ်စာလုံးဖြင့် ပထမဆုံး ရေးသား ဖော်ပြခဲ့သူမှာ အင်္ဂလန်မှ ပန်းချီဝေဖန်ရေးဆရာ Lawrense Alloway ဖြစ်သည်။ (၁၉၅၈ ခုနှစ် ဖေဖော်ဝါရီလထုတ် Architectural Design မဂ္ဂဇင်းတွင် ပါဝင်သည့် The Art and The Mass Media ဆိုသော ဆောင်းပါးမှာ ဖြစ်သည်။) ထိုဝါဒနှင့်ပတ်သက်၍ ထင်ရှားသော ပန်းချီဆရာများမှာ Richard Hamilton (အင်္ဂလန်)၊ Robert Indiana (အင်္ဂလန်)၊ Sigmar Polke (ဂျာမနီ)၊ Andy Warhol (အမေရိကန်)စသူတို့ ဖြစ်ပါသည်။

## ၁၉၅၉

ကက်စထရိုက ဘာတစ္စတာအစိုးရကို ကျူးဘာကျွန်းမှ ဖယ်ရှားခဲ့သည်။ ဆိုက်ပရပ်ကျွန်း လွတ်လပ်ရေးရသည်။ ပြင်သစ်မှ လူငယ်ဒါရိုက်တာများဖြစ်သည့် Francois Truffaut နှင့် Jean Luc Godard Jeam Renoir တို့ ဦးဆောင်သော New Wave လှိုင်းသစ် ရုပ်ရှင်အယူအဆ နိုင်ငံတကာသို့ ရိုက်ခတ်ခဲ့။

ဒီအိပ်ချ်သောရင့်၏ လေဒီချက်တာလီဝတ္ထုကို ညစ်ညမ်းသည်ဟုအစွပ်စွဲခံရ။ Robent Frank က The Americans အမေရိကန်များဆိုသော အဖြူအမဲဓာတ်ပုံစာအုပ်ကို ထုတ်ဝေလိုက်ကာ THE SNAPSHOT AESTHETIC အယူအဆကို ဖော်ထုတ်ခဲ့။ အမေရိကန်တွင် ခေတ်စားခဲ့သော ဓာတ်ပုံအနုပညာ ဝါဒတစ်ခုဖြစ်ကာ ရောဘတ်

http://www.cherrythitsar.org



နှင့်အတူ Lee Friedlander Lary Clack, Bruse Davidson တို့က ခေါင်းဆောင်ခဲ့ကြသည်။ နယူးယော့မြို့ Reuben ဂလယ်ရီတွင် 18 Happing in 6 Parts အမည်ရှိ ပန်းချီပြပွဲကို ကျင်းပခဲ့။ ထိုပြပွဲကို အစွဲပြု၍ သူတို့အုပ်စုကို (Allan Kaprow Claes Oldenburg, Robert Whitman စသူတို့) Happing အုပ်စုဟု ခေါ်ကြသည်။ ၎င်းတို့၏ အယူအဆမှာ နောက်ပိုင်းတွင် Actionism, Fluxus Art, Performance Art တို့အပေါ် ဩဇာညောင်းခဲ့၏။



ညစ်ညမ်းသူ ဒီ-အိတ်ချ်လော့ရင့်

Daniel Spoerri (ဆွစ်ဇာလန်) က M.A.T. (Multiplication Arts Transformable)ကို တည်းဖြတ်ထုတ်ဝေသည်။ သုံးဘက်မြင် အနုပညာဖန်တီးရန် အားထုတ်နေသော Multiple ပန်းချီသမားများ အတွက် ရည်စူးထုတ်ဝေခြင်းဖြစ်သည်။

http://www.cherrythitsar.org



## ၁၉၆၀

ဆိုဗီယက်တွင် ဘရေ့ဇနက်၊ အမေရိကန်တွင် ဂျွန်အက် ကနေဒီတို့ သမ္မတဖြစ်ကြသည်။ ကွန်ဂိုနိုင်ငံ (ယခုဇိုင်ယာ) ဘယ်လ် ဂျီယမ်လက်အောက်မှ လွတ်မြောက်သည်။

Daniel Bell ၏ End of Sociology စာအုပ်တွင် Post Modern ဆိုသော ဝေါဟာရကို စတင်တွေ့ရသည်။ Pierre Restang က ပန်းချီလောကတွင် Nouveall Realisme ဆိုသော စကားလုံးကို တီထွင် သုံးစွဲလိုက်၏။ Frank Stella ၏ ပထမဆုံးပန်းချီပြပွဲ Shape Canvases ကို နယူးယော့ Leo Castelli ဂလယ်ရီတွင် ကျင်းပခဲ့သည်။



**( Frank Stella ၏ Shape Canvas လက်ရာတစ်ခု)**

http://www.cherrythitsar.org



ယင်းဝါဒသည် အမေရိကန်နှင့် ဥရောပတွင် ထွန်းကားခဲ့ပြီး၊ ဦးဆောင်သူများမှာ Lucio Fontana (အီတလီ)၊ Kenneth Noland, Leon Polk, Richard Smith (အင်္ဂလန်)တို့ဖြစ်သည်။ ပုံမှန်အားဖြင့် စတုဂံ၊ စတုရန်း၊ လေးထောင့်ကင်းဗတ်ပုံသဏ္ဌာန်ကို အသုံးပြုရာမှ လမ်းခွဲထွက်ရန် ပုံသဏ္ဌာန်အမျိုးမျိုးရှိသော ကင်းဗတ်ပုံစံများကို အသုံးပြုခဲ့ ကြသည်။



**အဲလစ်နေးလ်၏ New Realism လက်ရာ**

http://www.cherrythitsar.org



ပြင်သစ် ဖြစ်တည်မှုပဓာနဝါဒီ စာရေးဆရာကြီး ကမူး ကားတိုက်သေဆုံးခဲ့သည်။ (သူ့ဝတ္ထုကို ထင်လင်းက'အပြင်လူအမည်' ဖြင့် မြန်မာပြန်ပေးခဲ့သည်) ဒေါက်တာ ဇီဗာဂိုး၏ဖခင် ဘောရစ် ပါစတာနတ်လည်း ကွယ်လွန်ခဲ့သည်။ ပါရီမြို့ Galeric International d'art တွင် ကျင်းပခဲ့သည့် Performence art ပွဲတစ်ခုတွင် Yves Klein သည် ကိုယ်လုံးတီး မိန်းမတစ်ဦးကို စုတ်တန်လိုအသုံးပြုကာပန်းချီကား တစ်ချပ်ကို ဖန်တီးတင်ပြခဲ့၏။(ထိုမိန်းမခန္ဓာကိုယ်ကို ဆေးရောင်များ သုတ်လိမ်းကာ ကင်းဗတ်ပေါ်တွင် လူးလှိမ့်ခိုင်းခဲ့ခြင်းဖြစ်သည်)

## ၁၉၆၁

ယူရီဂါဂါရင် (ဆိုဗီယက်ရုရှား)သည် ကမ္ဘာပတ်လမ်းကြောင်း ထဲသို့ ပထမဆုံးရောက်သော လူသားအဖြစ် မှတ်တမ်းတင်ခံရသည်။ အလန်ရှက်ပတ် (အမေရိကန်)သည် ဒုတိယလူ ဖြစ်သည်။ ဘာလင်မြို့ကို တံတိုင်းကာ၍ ခြမ်းလိုက်သည်။ ကမ္ဘာကျော် စာရေးဆရာကြီး ဟဲမင်းဝေးသည် ကိုယ့်ကိုယ်ကို သေနတ်ဖြင့်ပစ်ကာ အဆုံးစီရင်ခဲ့သည်။

ပန်းချီလောကတွင် Fluxus ဆိုသော ဝေါဟာရကို Garge Macinnas က စတင်သုံးစွဲခဲ့သည်။ ဂျာမနီတွင် စတင်ခဲ့ပြီး၊ နယူးယော့နှင့် မြောက်ဥရောပ အရင်းရှင်နိုင်ငံများသို့ လျင်မြန်စွာ ကူးစက်ပျံ့နှံ့သွား၏။ နောင်တွင် Conceptual နှင့် Performance art တို့အပေါ်တွင် ကြီးမားစွာသြဇာညောင်းခဲ့သည်။

http://www.cherrythitsar.org



The Arts of Assemblace ဆိုသော William Seitz နှင့်Peter Seitz တို့ ပန်းချီပြပွဲမှ Asssemblace ဆိုသည့် စကားလုံးသည် အမေရိကန်မှတစ်ဆင့် နိုင်ငံတကာသို့ ပျံ့နှံ့သွားသည်။ ယင်းမှာ တက္ကနစ်တစ်ခုသာဖြစ်၍ စတိုင်တစ်ခု မဟုတ်ချေ။ ထိုပြပွဲကို နယူးယော့မြို့ မော်ဒန်ပန်းချီပြတိုက်တွင် ကျင်းပခဲ့သည်။

## ၁၉၆၂

ကရူးရှော့က ရင်ပြင်နီ (ကရင်မလင်) ရှိ စတာလင်၏ ရုပ်အလောင်းကို လီနင်ဘေးမှ ဖယ်ရှားခဲ့သည်။ ကနေဒီက ကရူးရှော့၏ တိုက်ခြင်းပစ်ဒုံးကျည်များကို ကျူးဘားမှ ဖယ်ရှားစေခဲ့သည်။

မာရီလင်မွန်ရိုး အိပ်ဆေးလွန်ကာ သေဆုံး၊ မိန်းမနှစ်ယောက် ဇာတ်ကားဖြင့် ဆိုဖီယာလော့ရင့်ဆုရ (ထိုဇာတ်ကား မူရင်းဝတ္ထုမှာ မော်ရေးဗီးယားဖြစ်၍ မြန်မာပြန် ထုတ်ဝေခဲ့ဖူးသည်)။

သိဒ္ဓတ္ထ (Siddharta) ဝတ္ထုရေးသူ ဂျာမန်စာရေးကြီး ဟာမင်းဟက်စ် ကွယ်လွန်ခဲ့။ (ထိုဝတ္ထုကို မြန်မာပြန်ခဲ့သည်) မြန်မာစာရေးဆရာမကြီး ဒေါ်ကြည်အေးက အင်တာဗျူးတစ်ခုတွင် အလွန်ကြိုက်သည်ဟု ပြောခဲ့သော ကဗျာဆရာကြီး အီးအီးကမ်းမင်းလည်း ကွယ်လွန်ခဲ့သည်။ (ကွယ်လွန်သွားခါနီးတွင် ပန်းချီရေးနေခဲ့သည်)

ဘီတဲလ်အဖွဲ့၏ ပထမဆုံး၊ Single ဓာတ်ပြား Love me do ထွက်လာ၊ အရောင်းရစံချိန်တင်ခဲ့။ နယူးယော့မြို့မှ ဆစ်ဒနီဂျင်းနစ်ဂလယ်ရီတွင် The New Realist အမည်ဖြင့် Pop Art ပန်းချီပြပွဲ ကျင်းပခဲ့။ Pop Art ဟူသောဝေါဟာရသည် Time, News Week နှင့် Life မဂ္ဂဇင်းများ၏ မျက်နှာဖုံးပေါ်သို့ ရောက်ရှိလာခဲ့။

http://www.cherrythitsar.org



## ၁၉၆၃

ကနေဒီ ဒါးလက်မြို့တွင် လုပ်ကြံခံရ။ ဂွန်ဆင် အမေရိကန် (ယာယီ)သမ္မတဖြစ်လာ။ နျူကလီးယား စမ်းသပ်မှု သဘောတူညီချက်စာချုပ်ကို အမေရိကန်၊ အင်္ဂလန်နှင့် ရုရှားတို့ လက်မှတ်ထိုး။

ဂျာမနီနိုင်ငံတွင် Nan June Paik ၏ ပထမဆုံးအကြိမ် တယ်လီဗေးရှင်း ပန်းပုပြပွဲကို ကျင်းပခဲ့။ ပေါ့ပန်းချီဆရာ အင်ဒီဝါးဟိုးသည် သူ၏ ကိုယ်ပိုင်စတူဒီယို



ပေါ့အတ်ပန်းချီကျော် အင်ဒီဝါးဟိုး



ကဗျာဆရာကြီး ရောဘတ်ဖရော့

ထူထောင်ကာ ပထမဆုံးရုပ်ရှင် Sleep ကိုရိုက်ကူးခဲ့။ ပေါ့အတ်ပန်းချီဆရာ မာရှယ်ဒူးချန့်၏ တစ်ကိုယ်တော်ပန်းချီပြပွဲကို ကာလီဖိုးနီးယား Pasadena ပြတိုက်တွင် ကျင်းပခဲ့။

အမေရိကန် တော်ဝင် ကဗျာဆရာကြီး ရောဘတ်ဖရော့ (၈၉)နှစ် ကွယ်လွန်။

http://www.cherrythitsar.org



အမေရိကန်တွင် ဂျိုးဇက် ဟေလာ၏ Catch 22 စာအုပ် ထွက်လာ။

အမေရိကန်နိုင်ငံတွင် ကမ္ဘာကျော်မည့် Rolling Stone လိမ့်နေသောကျောက်ခဲများအဖွဲ့ စတင်ဖွဲ့စည်း။

## ၁၉၆၄

ကိုစီဂင် ဆိုဗီယက်ဝန်ကြီးချုပ် ဖြစ်လာ။ ပါတီအတွင်းရေးမှူးမှာ ဘရေ့ဇနက် ဖြစ်သည်။ တရုတ်နိုင်ငံက ပထမဆုံး အနုမြူဗုံးကို စမ်းသပ်ဖောက်ခွဲလိုက်သည်။ အင်္ဂလန်မှ ဘီတဲလ်အဖွဲ့ကြောင့် ဂီတသည် ကမ္ဘာ့လူငယ်ထု၏ ဘာသာစကားအဖြစ်သို့ ရောက်ရှိခဲ့။

အိတ်ဇင်းစတယ်ရှယ်လစ်ဝါဒီ ပြင်သစ်မှ ယန်းပေါဆတ်က နိုဗယ်ဆုချီးမြှင့်ခြင်းကို ငြင်းပယ်ခဲ့၏။ အနောက်ကမ္ဘာမှ ခေတ်သစ်ဒဿနပညာရှင်ဖြစ်သည့် Marshall Meluchan ၏ နာမည်ကျော် Understanding Media စာအုပ်ထွက်ပေါ်လာ။ ဂျာမနီမှ မော်ဒန်ကဗျာဆရာကြီး အက်ဇင်ဘာဂျာ၏ လက်ရွေးစင်ကဗျာစာအုပ်ကို ထုတ်ဝေခဲ့။

ပန်းပုဆရာ ဂျော့ရစ်ကေကြောင့် Op Art ဟူသော ဝေါဟာရ ထွက်ပေါ်လာ။ Op မှာ Optical Art (စက္ခုအာရုံပန်းချီ) ကို အတိုကောက်ခေါ်ခြင်းဖြစ်သည်။ သူ၏ အခြားအမည်များမှာ Retinal Art (သို့မဟုတ်) Percetual Abstraction ဖြစ်သည်။ စက္ခုမောဟဝါဒပန်းချီ

http://www.cherrythitsar.org



Optical illusion ဟုခေါ်နိုင် လေသည်။

မော်ဒန်ပန်းချီဆရာ ရောဘတ်ရိုဇင်ဘတ် သည် Venice Biennale မှ ချီးမြှင့်သော ပထမဆုကို လက်ခံရရှိခဲ့လေသည်။ Post Painterly Abstraction ပြပွဲကိုတော့ လော့အိန်ဂျယ်လိစ် ရှိ ကောင်တီပြတိုက်တွင် ပြသခဲ့သည်။



BRIPET RILEY ၏ OP ART ခေါ်
စကျွအာရုံပန်းချီလက်ရာတစ်ခု

## ၁၉၆၅

ကက်ရှမီးယား အငြင်းပွားမှုဖြင့် အိန္ဒိယနှင့် ပါကစ္စတန် တိုက်ခိုက်ကြသည်။ မြောက်ဗီယက်နမ်တွင် အမေရိကန် ဗုံးစတင်ကြဲခဲ့သည်။ လူမည်း(မွတ်စလင်)ခေါင်းဆောင် Malcoln X နယူးယော့တွင် လုပ်ကြံခံရ။ ဒုတိယကမ္ဘာစစ်တွင် မဟာမိတ်ဘက်မှ ဦးဆောင်ခဲ့သူ ဝန်စတန်ချာချီ(၉၀)နှစ် ကွယ်လွန်။

ပန်းချီလောကတွင် အမေရိကန်မှ စတင်၍ Minimalism ဆိုသော ဝေါဟာရ တွင်ကျယ်လာခဲ့။ ပထမဆုံး Artists Video ကို Nam June Paik နယူးယော့မြို့ ကော်ဖီဆိုင် Cafe a Go Go တွင်ပြသခဲ့။

http://www.cherrythitsar.org



The Responsive Eye အမည်ရှိ Op Art ပန်းချီပြပွဲကို နယူးယော့မြို့ မော်ဒန်ပန်းချီပြတိုက်တွင် ကျင်းပခဲ့သည်။ အမျိုးသား အနုပညာ မြှင့်တင်ရေးအဖွဲ့ NEA (National Endowment For Arts)ကို ဝါရှင်တန် ဒီစီတွင် စတင်ဖွဲ့စည်းခဲ့။

## ၁၉၆၆

အင်ဒီယာဂန္ဒီသည် အိန္ဒိယတွင် ဝန်ကြီးချုပ်ဖြစ်လာ။ တရုတ်ပြည်တွင် ယဉ်ကျေးမှုတော်လှန်ရေးဖြစ်ပေါ်။ (၁၉၆၉ တွင် ပြီးဆုံး သည်) ဥက္ကဋ္ဌကြီး မော်၏ ဩဝါဒကထာ စာအုပ်ငယ်ကို မော်စီတုံးက ထုတ်ဝေ။

ထရူးမင်းကားပို့၏ In Cold Blood စာအုပ်ထွက် ပေါ်လာ။ နယူးဂျာနယ်လစ်ဇင်း သတင်းရေးမှုအတတ်ပညာ၏ စံနမူနာဖြစ်ခဲ့။ (တင်ထွေးက 'သွေးအေး အေးဖြင့်' အမည်ဖြင့် ပြန်ဆို ခဲ့သည်။)



နယူးဂျာနယ်လစ်ဇင်းခေါင်းဆောင်
မိန်းမလျာ ထရူးမင်းကားပို့

Jewish Museum နယူးယော့တွင် Primary Structure ပန်းပုပြပွဲကို ကျင်းပခဲ့သည်။ အနုပညာ နှင့် အတတ်ပညာ စမ်းသပ်လေ့လာရေးအဖွဲ့ EAT (Ex

periments in Art and Technology ကို နယူးယော့တွင် ထူထောင် ခဲ့သည်။ Roberrt Venturi က ပို့စ်မော်ဒန်ကျမ်း Post Modern treatise စာအုပ်ကို ထုတ်ဝေလိုက်သည်။ နယူးယော့ Guggenhein ပြတိုက်တွင် Systemic Painting ပြပွဲ (သူ၏ အခြားအမည်မှာ Color Field Painting) ကျင်းပခဲ့သည်။

## ၁၉၆၇

အစ္စရေးနှင့် အာရပ်နိုင်ငံများ ခြောက်ရက်ကြာ စစ်ပွဲဖြစ်။ ဘိုလေးဗီးယားနိုင်ငံတွင် ချီဂွေးဗားရားကျဆုံး။ တရုတ်က ပထမဆုံး ဟိုက်ဒရိုဂျင်ဗုံးကို စမ်းသပ်။ အမေရိကန်တွင် စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများဖြစ်၏။ ဘားနတ်က ပထမဆုံးအကြိမ် နှလုံးလွှဲပြောင်း တပ်ဆင်မှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

ရိုလင်စတုန်းတေးဂီတအဖွဲ့ စတင်ကျော်ကြားလာ။ ပန်းချီ လောကတွင် Germano Celant ကြောင့် Art Povera ဆိုသော စကား လုံးထွက်ပေါ်လာ။ Conceptual Art ဆိုသော ဝေါဟာရခေတ်စားလာ။ ဘာကလေတက္ကသိုလ် (ကာလီဖိုးနီးယား)ပန်းချီပြတိုက်တွင် Funk Art ပန်းချီပြပွဲကို ပြသခဲ့ကြ။ ဆန်ဖရန်စစ္စကို ပင်လယ်ကွေ့ဒေသတွင် စတင်ခဲ့။ ထင်ရှားသူများမှာ Robert Arneson, Bruce Conner,Mel Henderson, Richard Shaw စသူတို့ဖြစ်သည်။

http://www.cherrythitsar.org



## ၁၉၆၈

ဆိုဗီယက်ရုရှားက ချက်ကိုစလိုဗက်နိုင်ငံ အတွင်းသို့ ကျူးကျော်ဝင်ရောက်။ ရောဘတ်ကနေဒီနှင့် မာတင်လူသာကင်း (ဂျူနီယာ)တို့ လုပ်ကြံခံရ။ ရစ်ချတ်နစ်ကဆင်က သမ္မတရွေးကောက်ပွဲတွင် အနိုင်ရ။ Earth Art ပန်းချီပြပွဲကို White Museum ကောနယ်တက္ကသိုလ် နယူးယော့တွင်ကျင်းပခဲ့။ မာရှယ်ဒူးရှန့် ကွယ်လွန်။ နောက်ဆုံးလက်ရာ ပန်းချီပြပွဲကို ဖီလစ်ဒီဖဲယား ပန်းချီပြတိုက်တွင် ပြသခဲ့။

## ၁၉၆၉

အမေရိကန် အာကာသယာဉ် အပိုလို(၁၁)လ ကမ္ဘာပေါ်သို့ ဆင်းသက်ခဲ့။ နေးလ်အမ်စထရောင်းသည် လကမ္ဘာပေါ်တွင် ပထမဆုံး ခြေချနိုင်သော လူသားဖြစ်ခဲ့။ အစ္စရေးနိုင်ငံတွင် ဂိုဒါမေယာသည် လေးကြိမ်မြောက် ဝန်ကြီးချုပ်ဖြစ်ခဲ့။ ဝုဒ်စတော့ Wood Stock တွင် ကြီးကျယ်သော ဂီတပွဲတော်ကြီး ကျင်းပခဲ့။



လပေါ်ရောက် ပထမဆုံးလူသား

http://www.cherrythitsar.org



အမေရိကန် လှိုင်းသစ်ရုပ်ရှင်များဟု အမည်တွင်ခဲ့သော လူငယ်ဒါရိုက်တာအုပ်စုမှ အကြီးအကျယ် အောင်မြင်သော Eassy Rider ရုပ်ရှင်ကား ထွက်ပေါ်လာ။ ဒင်းနစ္စဟော့ပါး ပါဝင်ရိုက်ကူး၍ ပီတာဖောင်ဒါးနှင့် ဂျက်နစ်ကိုဆင် တို့ပါဝင်။ ဆိုက်ကဲဒဲလစ်ယဉ်ကျေးမှု ဆိုသည့် မူးယစ်ဆေးဝါးကို အခြေခံသော ဟစ်ပီတို့၏ တန်ပြန် ယဉ်ကျေးမှုကို ဖော်ထုတ်ပြခဲ့သော ရုပ်ရှင်ဖြစ်သည်။ ထင်ရှားသော တခြား အမေရိကန် လှိုင်းသစ်ဒါရိုက်တာများမှာ ကော်ပိုလာ၊ မိုက်နစ်ကိုးလ်၊ စတန်လေကူဘရစ်၊ ဘရိုင်ယမ် ဒီပါးမားလ် စသူတို့ ဖြစ်လေသည်။

အော်ဒင်ဘတ်နှင့် အပေါင်းပါခြောက်ဦးတို့၏ Pop Art လက်ရာပန်းချီပြပွဲကို နယူးယော့ရှိ ဆစ်ဒနီဂျင်းနစ်ဂလယ်ရီတွင် ပြသခဲ့။ အော်ဒင်ဘတ် နာမည်ကြီးခဲ့သော ရေခဲအိတ် Ice Bag နှင့် နှုတ်ခမ်းဆိုးဆေးတောင့် Lipstick လက်ရာများပါဝင်။ ကာလီဖိုးနီးယားတက္ကသိုလ်တွင် Judy Chicago က ဦးဆောင်၍ အမျိုးသမီး ပန်းချီပညာရှင်များအတွက်



**ယေးတက္ကသိုလ်ရှိ အော်ဒင်ဘတ်၏ မော်ဒန်ပန်းပုလက်ရာ**
**Lipstick or Caterpillar Track**

http://www.cherrythitsar.org



Feminist Art Program ကို စတင်ထူထောင် Womanhouse. Womanpower အမည်နှင့် ပန်းချီပြပွဲများ ကျင်းပ၍ Woman and Art, Faminist Art Journal နှင့် Henesies စာစောင်တို့ကို ထုတ်ဝေခဲ့။ Faminst Art ကို ဦးဆောင်ခဲ့သူ တချို့မှာ Helen Chadwich (အင်္ဂလန်)၊ Rebecca Horn (ဂျာမနီ)၊ Barbana Kruger, Linda Montano, Martha Rosler Rosemaric Trokel (ဂျာမနီ) စသူတို့ဖြစ်သည်။

နယူးယော့ အမေရိကန်ပန်းချီပြတိုက် (ဝှစ်တနီ) တွင် Process Art သန္တတိပန်းချီပြပွဲကို ကျင်းပခဲ့သည်။ Process Art ဝါဒသည် အမေရိကန်မှ အနောက်ဥရောပသို့ ကူးစက်ပြန့်ပွားသွားသည် ထင်ရှားသူများမှာ Hans Haacke, Joseph Beuys(ဂျာမနီ)၊ Keith Sonnier. Jannis Kouellis (အီတလီ)၊ Rolert Morris စသူတို့ ဖြစ်သည်။



**HANS HAACKE ၏ Condensation Cube အမည်ရှိ "Process Art" လက်ရာ**

ပထမဆုံး Conceptual ပန်းချီပြပွဲ ကို Seth Siegelaub ပန်းချီပြခန်း နယူးယော့တွင် ပြခဲ့သည်။ Art Language မဂ္ဂဇင်းကို လန်ဒန်တွင် စတင် ထုတ်ဝေခဲ့သည်။

http://www.cherrythitsar.org



## ၁၉၇၀

ကမ္ဘောဒီးယားရှိ ကွန်မြူနစ်ပိုင် နယ်မြေများကို အမေရိကန်က ဗုံးကြဲခဲ့သည်။ စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲများ အမေရိကန်တွင် ကျင်းပခဲ့။ Ohio ရှိ ကင့်စတိတ် ယူနီဗာစီတီတွင် ကျောင်းသားလေးဦး အမျိုးသားလုံးခြုံရေးတပ်ဖွဲ့ လက်ချက်ဖြင့် သေဆုံးခဲ့။

နိုက်ဂျီးတီးယားပြည်တွင် စစ်ပြီးဆုံး။

ချာလီသမ္မတအဖြစ် ကွန်မြူနစ်တစ်ဦးဖြစ်သူ Salvadon Allende ရွေးခြယ်တင်မြှောက်ခံရ။ Kate Millet က Sexual Politics စာအုပ်ကို ရေးသားထုတ်ဝေခဲ့။

နယူးယော့တွင်ရှိသော Museum of Modern Art နှင့် Software. Jewish Museum တို့တွင် Conceptual Art ပန်းချီပြပွဲများ ကျင်းပ။

Conceptual ပန်းချီပြတိုက်ကို ဆန်ဖရန်စစ္စကိုမြို့တွင် တည်ထောင်။ Sound အမည်ဖြင့် Sound Art ပန်းချီပြပွဲကို ခေတ်ပြိုင်လက်မှုပညာပြတိုက် နယူးယော့တွင် ပြသခဲ့။ Sound Scutpture ပြပွဲကိုလည်း Museum Of Conceptual Art ဆန်ဖရန်စစ္စကိုမြို့တွင် ပြသခဲ့။

အနောက်ကမ္ဘာတွင် ထင်ရှားသော ဂျပန်ဖြစ်တည်မှု ပဓာနဝါဒီတစ်ဦးဖြစ်သူ စာရေးဆရာကြီး မီရှီးမားသည် ဟာရာကီရီနည်းဖြင့်

http://www.cherrythitsar.org



ဗိုက်ကို ခွဲဖြင့်ခွဲကာ သတ်သေခဲ့။ ထင်ရှားသော တွေးခေါ်ရှင်ကြီး တစ်ဦးဖြစ်သူ ဘာထရန်ရပ်ဆဲလ် ကွယ်လွန်။ လူမည်း ဂစ်တာသုခမိန် ဂျင်မီဟိန်းဒရစ် အိပ်ဆေးလွန်ကာ သေဆုံး။ လက်တင်အမေရိကား ဂီတကို ကမ္ဘာကျော်ခဲ့သော ဆီတားနား Santana အဖွဲ့ထွက်ပေါ်လာ။

## ၁၉၇၁

ဗီယက်နမ်စစ်ကို အဆုံးသတ်ဖို့အတွက် ဝါရှင်တန်တွင် လူနှစ်သိန်းကျော် ချီတက်ဆန္ဒပြသည်။ ယူဂန်ဒါတွင် အာမင်အာဏာရသည်။ အရှေ့ပါကစ္စတန်က ဘင်္ဂလားဒေ့ရှ်ဟု အမည်ပြောင်း၏။ ဆွစ်ဇာလန်နိုင်ငံတွင် အမျိုးသမီးများ မဲပေးခွင့်ရသည်။ နယူးယော့တိုင်းက Pentagon Papers ကို ထုတ်ဝေသည်။ အမေရိကန် ရုပ်မြင်သံကြားတွင် စီးကရက်ကြော်ငြာများကို ပိတ်ပင်ခဲ့။

ဘီတဲလ်အဖွဲ့ ဖျက်သိမ်းကြောင်း တရားဝင်ထုတ်ဖော်ကြေညာ။ Art and Technology Program ပြပွဲကို လော့အိန်ဂျလိစ် ပန်းချီပြတိုက်တွင် ဖွင့်လှစ်။

Robert Pincus Witten က Post Minimalism ဆိုသော စကားလုံး စတင်ထုတ်ဖော်သုံးစွဲခဲ့။

http://www.cherrythitsar.org



## ၁၉၇၂

ဝါးတားဂိတ်အရေးအခင်း စတင်ဖြစ်ပွား။ သမ္မတ နစ်ကဆင် တရုတ်နှင့် ဆိုဗီယက်သို့ အလည်အပတ်သွား။ နစ်ကဆင် သမ္မတအဖြစ် ထပ်မံအရွေးခံရ။ အာရပ် အကြမ်းဖက်သမားများက မြူးနစ်အိုလံပစ်တွင် အစ္စရေး အားကစားသမားများကို သတ်ဖြတ်မှုဖြစ်။ ပထမဆုံး Artist's Books ပြပွဲကို Greenwood ဂလယ်ရီလန်ဒန်တွင် ပြသ။ ထင်ရှားသူများမှာ Mancel Dunchamp (ပြင်သစ်)၊ George brecht (အီတလီ)၊ General Idea (ကနေဒါ) စသူတို့ ဖြစ်သည်။ သမ္မတနစ်ကဆင် တရုတ်နှင့် ဆိုဗီယက်သို့ အလည်ပတ် သွား။ နစ်ကဆင် သမ္မတအဖြစ် ထပ်မံရွေးချယ်ခံရ။



**Edward Rushca ၏ Aritst's Books လက်ရာ**

http://www.cherrythitsar.org



Konzept အမည်ဖြင့် Conceptual Art ပြပွဲကို ဘရပ်ဆဲလ်တွင်ကျင်းပ။ Sots Art ဟူသောအမည်ကို မော်စကိုမှ ပန်းချီဆရာနှစ်ဦးဖြစ်သည့် Konan နှင့် Melanid အုပ်စုက သုံးစွဲလိုက်။ ဥရောပ၊ အမေရိကန်နှင့် ရုရှားတို့တွင် တွင်ကျယ်ခဲ့သော ဝါဒတစ်ခုဖြစ်။ (၁၉၇၆တွင် အမေရိကန်နိုင်ငံ၊ နယူးယောက်၌ ပြသနိုင်ခဲ့သည်။ အရေးကြီးဆုံး Sots Art ပြပွဲမှာ ၁၉၈၆ ခေတ်ပြိုင်အနုပညာပြတိုက်သစ်တွင် ပြသခဲ့သော ပွဲပင်ဖြစ်သည်။)

## ၁၉၇၃



ကွယ်လွန်သူ ပန်းချီကျော် ပီကာဆို

အမေရိကန်၊ မြောက်ဗီယက်နမ်နှင့် တောင်ဗီယက်နမ်တို့ ပါရီမြို့တွင် ငြိမ်းချမ်းရေးလက်မှတ်ရေးထိုး။ ဖီးလစ်ဒီဖဲယားရှိ မိုးအနုပညာကောလိပ်တွင် Artist's Books ပြပွဲ ကျင်းပ။ ကျူဗစ်ဇင်းပန်းချီဝါဒခေါင်းဆောင် ပီကာဆို ကွယ်လွန်။ ရန်ကုန်တွင် ၁၉၂၇ ခုနှစ်က ကောင်စစ်ဝန်အဖြစ် အမှုထမ်းခဲ့ဖူးသော (၁၉၇၇ စာပေနိုဗယ်ဆုရှင်) ချီလီနိုင်ငံသား ကဗျာဆရာကြီး နရူဒါ သေဆုံးခဲ့။ ပို့စ်မော်ဒန် စာရေးဆရာ သောမတ်ပင်ချွန်း၏ Gravity's Rainbow မဟာဝတ္ထု ရှည်ကြီး အမေရိကားတွင် ထုတ်ဝေဖြန့်ချိခဲ့။

http://www.cherrythitsar.org



## ၁၉၇၄

ဝါးတားဂိတ်ကိစ္စဖြင့် နစ်ကဆင်နှုတ်ထွက်ရကာ၊ ဂျရယ်ဖို့ဒ် အမေရိကန်သမ္မတ ဖြစ်လာ။ စာရေးဆရာကြီး ဆိုဇယ်နစ်ဇင်း ကို ရုရှားနိုင်ငံမှ ပြည်နှင်ဒဏ်ပေး။ အိန္ဒိယနိုင်ငံသည် ဆဋ္ဌမမြောက် နျူးကလီးယား ပိုင်ဆိုင်သော နိုင်ငံဖြစ်လာ။ ပင်လယ်ကမ်းခြေတစ်ဝိုက် သာမက တစ်ကမ္ဘာလုံး တုန်လှုပ်သော ဒါရိုက်တာစပီဘာတ်၏ Jaws ရုပ်ရှင်ဇာတ်ကား ထွက်ပေါ်လာ။ ဗွီဒီယိုအနုပညာ Video Art နိုင်ငံ တကာ နှီးနှောဖလှယ်ပွဲကို နယူးယော့မော်ဒန်ပန်းချီ ပြတိုက်တွင် ကျင်းပခဲ့။

၁၉၆၅ ခုနှစ်၊ ကိုးရီးယားပြည်ပေါက် Fluxus Artist တစ်ဦး ဖြစ်သူ Nam June Paik ကသူ၏ ပထမဆုံးပြပွဲကို နယူးယော့ ဂရင်းနစ်ရွာမှ Go Go ကဖီးဆိုင်လေးတွင် စတင်ပြသခဲ့ရာမှ တွင်ကျယ် လာ။ (ဗွီဒီယိုအတ်ဆိုသည်မှာ ဗွီဒီယိုဖြင့် ပြုလုပ်ထားသော အနုပညာရှင်၏အမြင်ဖြစ်သည်။ ဗွီဒီယိုဆိုသည်မှာ အထောက်အကူပြု ပစ္စည်း Medium သာဖြစ်၍ စတိုင်လ်မဟုတ်ချေ။ ဗွီဒီယိုတိတ်ကို Reformance Art နှင့် Installations ကိစ္စများတွင်သာ အသုံးပြုခဲ့ ကြသည်။ Jill Scott, Bill Viola စသူတို့ဖြစ်သည်။ တချို့ Martha Roslen, Les Levine စသူတို့က ပန်းချီပြတိုက်နှင့် အရောင်းပြခန်းများ တွင် ဖန်တီးထားသော ဗွီဒီယိုတိတ်များကို ဗွီဒီယိုမော်နီတာဖြင့် ဖွင့်ပြ ထားကြသည်။ တချို့ Skip Sweeney, Joanne Kelly, Yonemotos ဆိုသူတို့က Networks နှင့် လွတ်လပ်သော ရုပ်မြင်သံကြားလိုင်းခွဲ များမှ ထုတ်လွှင့်ပြသကြသည်)

http://www.cherrythitsar.org



## ၁၉၇၇

လက်ဘနွန်တွင် ပြည်တွင်းစစ်ဖြစ်သွားသည်။ ဖနွမ်းပင်မြို့ ခမာနီလက်ထဲသို့ ကျရောက်။ အမေရိကန်သံရုံး ပိတ်၍ ကမ္ဘောဒီးယားမှ စွန့်ခွာ။ ပင့်ကူလူသား Hulk စသော လူစွမ်းကောင်းရုပ်ပြများ ထုတ်ဝေနေသည့် မာဗယ်ကော်မစ်တိုက်မှ မာသာထရီဇာ၏ Bio Comic အတ္ထုပ္ပတ္တိရုပ်ပြစာအုပ်ကို ထုတ်ဝေလိုက်။ (ပုတ်ရဟန်းမင်း စာအုပ်လည်း ထုတ်ဝေခဲ့သည်)




ရုပ်ပြလောကရောက် မာသာထရီဇာ

http://www.cherrythitsar.org



ပထမဦးဆုံး Grafiti Art လက်ရာပြပွဲကို Artists Space နယူးယောက်မြို့တွင် ပြသခဲ့။ Gratfiti မှာ အီတလီစကားလုံးဖြစ်၍ ခြစ်ခြင်းဟု အဓိပ္ပာယ်ရသည်။ ရှေးဟောင်းအီဂျစ် နံရံရေး အရုပ်ပန်းချီလို အထူးသဖြင့် အုတ်နံရံတံတိုင်းများတွင် လွတ်လပ်စွာ ရေးလေ့ရှိကြသည်။ ပြင်သစ်မှ ပန်းချီဆရာ Jean Dutuffetn က Outsider Art ဟု ဖွင့်ဆိုသည်။ ပန်းချီကျောင်းသားများ၊ လမ်းမပေါ်မှ လူငယ်လေးများက စပရေးပန်းချီ (မှုတ်ဆေး) များ ဖန်တီးလာကြသည်။ သူတို့လက်ရာတချို့မှာ လမ်းပေါ်မှ ပန်းချီအရောင်းခန်းများထဲ ရောက်ရှိသွားကြသည်။ တချို့က မြို့ဆန်သော ကျေးလက်ပန်းချီဟု သမုတ်၏။ (စာရေးဆရာနော်မန်မေးလားက လူမှုလွတ်လပ်ခွင့်အတွက် အနာဂတ်ကြေညာစာတမ်းဟု ကင်ပွန်းတပ်သည်။)

Body Woroks ပြပွဲကို ချီကာဂို ခေတ်ပြိုင်အနုပညာသိပ္ပံတွင် ကျင်းပခဲ့သည်။ အမေရိကန်မှ ဥရောပနှင့် ဩစတေးလျသို့ ပြန့်နှံ့သွား။ Conceptual Art ၏ လက်အောက်ခံနှင့် Performance Art ၏ ရှေ့တော်ပြေး ဝါဒဖြစ်သည်။ အနုပညာရှင်၏ ခန္ဓာကိုယ်ကိုပင် မီဒီယမ်ပြုကာ၊ ကျောက်တုံး၊ သစ်သား၊ ဆေးရေးထားသော ကင်းဗတ်တို့ဖြင့် တွဲဖတ်ပြခြင်းဖြစ်သည်။ မှတ်တမ်းတင် ဓာတ်ပုံနှင့် ဗွီဒီယိုတိတ်ခွေများမှ ကြည့်ရှုခံစားနိုင်သည်။ Chris Burden သည် ကိုယ့်ကိုယ်ကို သေနတ်ဖြင့်ပစ်ပြခဲ့သည်။ (၂၀ရာစု အစပိုင်း ဒါဒါလှုပ်ရှားမှု တချို့ကို Body Art ဟုယူဆနိုင်သည်။ ဥပမာ ဒူးချန့်က ဆံပင်ကို ကြယ်ပုံသဏ္ဍာန်ညှပ်ကာ ပြခဲ့ခြင်းမျိုးဖြစ်သည်။)

http://www.cherrythitsar.org



## ၁၉၇၆

မော်စီတုန်းနှင့် ချူအင်လိုင်း သေဆုံးသည်။ နှစ်ဆယ့်နှစ်နှစ်ကြာကွဲနေသော မြောက်နှင့် တောင်ဗီယက်နမ်တို့ ပြန်လည်ပေါင်းစည်းမိ။ ဂျင်မီကာတာ အမေရိကန်သမ္မတဖြစ်။ အမျိုးသမီးပန်းချီဆရာများ၏ ပန်းချီလက်ရာ များစုဝေးပြသသည့်ပွဲ Woman Artist (1550-1950) ကို လော့စ်အိန်ဂျလိစ် ကောင်တီပန်းချီပြတိုက်တွင်ကျင်းပ။ ပထမဆုံး Performance Art ပြပွဲဖြစ်သည့် Robert Wilson နှင့် Philip Glass တို့၏ ပြပွဲကို အက်ဗညွန်ကမ်းခြေပွဲတော်ပြင်သစ်တွင် ကျင်းပခဲ့။

ရိုဇင်ဘတ်၏လက်ရာ ၁၆၀ ကို စုဝေးတင်ပြသည့် တစ်ကိုယ်တော်ပြပွဲကို ဝါရှင်တန် ဒီစီရှိ ပန်းချီသိပ္ပံကျောင်းတွင် ပြသခဲ့။ (၁၉၇၇ ခုနှစ်အထိ ချီကာဂို၊ ဆန်ဖရန်စစ္စကို၊ နယူးယော့ မော်ဒန်အတ်ပြတိုက်များတွင် လှည့်လည်ပြသခဲ့သည်)

## ၁၉၇၇

အီဂျစ်သမ္မတ ဆဒတ် အစ္စရေးသို့ ငြိမ်းချမ်းရေး ခရီးစဉ်ရောက်ရှိ။ တစ်ကမ္ဘာလုံးကို ဒစ္စကိုရောဂါကူးစက်ခဲ့သည့် Saturday Night Fever ဇာတ်ကားရုံတင်ပြသ။ ဝါရှင်တန် ဒီစီ ပန်းပုဥယျာဉ်တွင် Earth Art ပန်းချီပြပွဲခင်းကျင်းပြသ။

http://www.cherrythitsar.org



ဆူဆန်ဆွန်တက်၏ On Photography စာအုပ်ထွက်လာ။ အဲလက်စ်ဟာလေ၏ Roots ဝတ္ထုကို ရုပ်မြင်သံကြားဇာတ်လမ်းတွဲ ထုတ်လွှင့်။ (မောင်သက်နောင် က ‘ဇစ်မြစ်’ အမည်ဖြင့် မြန်မာပြန်ခဲ့သည်။) ရော့အင်ရိုးလ်တို့၏ဘုရင် အဲဗစ်ပရက်စလေ ကွယ်လွန်။ ၁၉၇၇ အကောင်းဆုံး ဝတ်စားဆင်ယင်သူ အမျိုးသမီးဆယ်ဦး ရွေးချယ်ရာတွင် အသက် (၇၆)နှစ် အရွယ်ရှိ ကမ္ဘာကျော် မော်ဒန်ပန်းပု ဆရာမကြီး Louise Nevelson ပါဝင်ခဲ့။



**မက်ဟင်တန် (နယူးယော့) ရှိ ဆရာမကြီး၏**
**ခေတ်ပေါ်ပန်းပုလက်ရာတစ်ခု)**

http://www.cherrythitsar.org



ဆရာမကြီးက သူ၏ ပျားအုံဆန်သော ပန်းပုလက်ရာများကြောင့် ပန်းပုပျားဘုရင်မဟု လည်းကောင်း၊ အသက်ရှယ်နှင့် မမျှအောင် ထူးချွန်ထက်မြက်သော အနုပညာအတွေးအခေါ်များကြောင့် ပန်းပုလောက၏ မာသာဂရေဟမ် ဟုလည်းကောင်း တင်စားခေါ်ဝေါ်ခဲ့ကြသည်။ (မာသာဂရေဟမ်သည် Modern Dance ကို စတင်မျိုးစေ့ချကာ လမ်းဖောက်ခဲ့သော အကဘုရင်မကြီးဖြစ်လေ သည်။ )

## ၁၉၇၈

အနောက်တိုင်းဘိုးတော်ဂျင်ဂျုံးစ်နှင့် သူ့နောက်လိုက် ၉၀၀၀ ကျော်တို့အစုလိုက်အပြုံလိုက်၊ ကိုယ့်ကိုယ်ကိုသတ်သေမှုဖြစ်ပွားသည်။ ကမ္ဘာပေါ်တွင် ပထမဆုံးဖန်ပြွန်နေ သန္ဓေသားကို အင်္ဂလန်နိုင်ငံ၌ မွေးထုတ်နိုင်ခဲ့သည်။ Bad ပန်းချီပြပွဲကို နယူးယော့ ခေတ်ပြိုင် အနုပညာပြတိုက်တွင် ပြသခဲ့သည်။ စတင်ပြသူမှာ Mamcia Fucler ဖြစ်သည်။ ဝှစ်တနီ အမေရိကန် ပန်းချီပြတိုက်တွင် New Image ပန်းချီပြပွဲကို ပြသခဲ့သည်။ ထိုလှုပ်ရှားမှုတွင် ပါဝင်ခဲ့သူများမှာ ဂျနီဖာ ဘားလက်၊ ဂျိုနသန် ဘရော့စကီး၊ စူခန်ရိုသေဘတ်၊ ဂျိုးရှက်ပီယို စသူတို့ဖြစ်သည်။

http://www.cherrythitsar.org



## ၁၉၇၉

အီဂျစ်နှင့် အစ္စရေးတို့ ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆို။ မာဂရက်သက်ချာ သည် အင်္ဂလန်နိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်လာ။ အာဖဂန်နစ္စတန်နိုင်ငံကို ဆိုဗီယက်ရုရှား ကျူးကျော်ဝင်ရောက်။ (၇)နှစ်ကြာ ရိုဒီရှားစစ်ပွဲ ပြီးစီး။ (ယခု ဇင်ဘာဘွေနိုင်ငံ) အီရန်နိုင်ငံတွင် ခိုမေနီ၏ အစ္စလမ်မစ်အစိုးရ တက်ရောက်လာ။



အီရန်အာဏာရှင် ခိုမေနီ

အမေရိကန်ပန်းချီလောကတွင် စံချိန်သစ်တစ်ခုအဖြစ် Edwin Church's ၏ Icetergs ပန်းချီကားကို ဒေါ်လာ ၂.၅သန်း ဖြင့် ရောင်းခဲ့ရ။ ဟာရာ ခေတ်ပြိုင်အနုပညာပန်းချီပြတိုက်ကို တိုကျိုမြို့တွင် ဖွင့်လှစ်ခဲ့။

## ၁၉၈၀

ရော်နယ်ရီဂင် အမေရိကန်သမ္မတအဖြစ် အရွေးချယ်ခံရ။ အင်ဒီရာဂန္ဒီ အိန္ဒိယနိုင်ငံ၏ဝန်ကြီးချုပ်ဖြစ်လာ။ New Wave Art လှိုင်းသစ်ပန်းချီပြပွဲတွင် နယူးယော့ မော်ဒန် ပန်းချီပြတိုက်တွင် ကျင်းပရာ၊ လူတစ်သန်းကျော်လာရောက် ကြည့်ရှုခဲ့။

http://www.cherrythitsar.org





လုပ်ကြံခံရသူ ဂျွန်လင်ဒွန်

ဘီတဲလ်ဂီတအဖွဲ့ ခေါင်းဆောင်ခဲ့သူ ဂျွန်လင်နွန်သည် သေနတ်ဖြင့် အပစ်ခံရကာ ကွယ်လွန်ခဲ့။

## ၁၉၈၁

အီဂျစ်သမ္မတ ဆဒတ်လုပ်ကြံခံရကာ သေဆုံးခဲ့။ ဝေလမင်းသားချားလ်နှင့် လေဒီဒိုင်ယာနာလက်ထပ်ခဲ့။ ထိုလက်ထပ်ပွဲကို ရုပ်မြင်သံကြားမှတစ်ဆင့် ကမ္ဘာတစ်ဝှမ်းရှိ လူသန်းတစ်ထောင် ကျော်က ကြည့်ရှုခဲ့ကြသည်။ စပိန်နိုင်ငံတွင် ဒီမိုကရေစီရရှိသည့် အတွက် ပန်းချီဆရာ၏ ဆန္ဒဖြင့် ပီကာဆို၏ ဂွာယာနီးကား ပန်းချီ ကားကြီး စပိန်သို့ ပြန်လည်ရောက်ရှိသွားသည်။ Fun Gallery ကို နယူးယော့မြို့တွင် အရှေ့ရှာ East Village တွင် ဖွင့်လှစ်ခဲ့။ (၁၉၈၅ တွင် ပြန်လည်ပိတ်ခဲ့သည်။)

ရွိုင်ရယ်အကယ်ဒမီ(လန်ဒန်)တွင် Neo Expressionism ပြပွဲကျင်းပခဲ့။ နယူးယော့ ဝှစ်တနီပြတိုက်တွင် 'အလင်းနှင့်

http://www.cherrythitsar.org





**Edward Ruscha ၏ လက်ရာ Neo Expressionism**

ဟင်းလင်းပြင်' အမည်ရှိ James Turrcl ၏ The Light-Wave sculptures ပန်းပုပြပွဲကို ကျင်းပခဲ့သည်။ ဂျိမ်း(၃၇)နှစ်သည် အချိန်ပိုင်း လေယာဉ်မောင်းသူ၊ အချိန်ပြည့် အနုပညာသမားဖြစ်၏။

http://www.cherrythitsar.org



## ၁၉၈၂

ဗြိတိန်နိုင်ငံနှင့် အာဂျင်တီနားနိုင်ငံတို့ ဖောက်ကလင်းစစ်ပွဲ ဖြစ်ပွားသည်။ အမေရိကန် ဗဟိုကျန်းမာရေးက AIDS ရောဂါဇစ်မြစ်ကိုကြေညာခဲ့သည်။ ထိုရောဂါဖြင့် တစ်နှစ်အတွင်း (အမေရိကန်နိုင်ငံတွင်) လူ ၁၂၀၈ ယောက် သေဆုံးခဲ့။ ပို့စ်မော်ဒန်နစ်ဇင်း ဗိသုကာပညာရပ်နှင့် စပ်ဆိုင်သော စာအုပ်ကို Micheal Grave's က ရေးသားထုတ်ဝေခဲ့သည်။ ခေတ်ပြိုင်ပန်းချီအနုပညာတွင် ဒွိလိင်ရပ်တည်မှုအမည်ဖြင့် ပန်းချီပြပွဲကို ခေတ်ပြိုင်ပန်းချီပြတိုက် နယူးယော့တွင် ပြသခဲ့သည်။ မိန်းမလျာတို့ လက်ရာနှင့် မိန်းမလျာတို့ ခံစားမှုကို ဖော်ပြခဲ့ခြင်းဖြစ်သည်။

တစ်ကမ္ဘာလုံး နှစ်ခြိုက်ခဲ့ကြသော ဒါရိုက်တာစပီးဘတ်၏ E.T ဇာတ်ကား ပေါ်ထွက်လာခဲ့သည်။ မိုက်ကယ်ဂျက်ဆင်ကို လူသိများလာ။ ဘရိတ်ဒန့် ကူးစက်ပြန့်ပွားစေသော Thrialler သီချင်းအယ်လ်ဘမ် ထွက်ပေါ်လာသည်။



ပေါ့ဂီတလောက၏ဘုရင်ငယ်
မိုက်ကယ်ဂျက်ဆင်

http://www.cherrythitsar.org



ကိုလံဘီယာနိုင်ငံသား ဂါစီယာမားကွစ် Garcia Marguez (ပဥ္စလက်သရုပ်မှန် စာပေဝါဒဖြင့် ထင်ရှားသူ) သည် အထီးကျန် အနှစ်တစ်ရာစာအုပ်ဖြင့် ကမ္ဘာကျော် စာပေနိုဘယ်ဆု ချီးမြှင့်ခံရသည်။

## ၁၉၈၅

ဆိုဗီယက် ကွန်မြူနစ်ပါတီတွင် မစ်ခေးလ်ဂိုဘာချော့ အထွေထွေအတွင်းရေးမှူး ဖြစ်လာ။ ပါယ်ရီစထွိုင်းကာနှင့် ဂလက်နို့ ခေါ် ပျော့ပျောင်းပွင့်လင်းသော သဘောထား စတင်ကျင့်သုံးခဲ့သည်။



ဆိုဗီယက်နိုင်ငံရေးကို တစ်ခေတ်ဆန်းစေသူ

အာဖရိက အငတ်ဘေးကို ကယ်တင်ရန်အတွက် လန်ဒန်တွင် ကျင်းပသော ကမ္ဘာကျော် ဂီတပညာရှင်များ၊ အဆိုတော်များ ပါဝင်သည့် Live Aid ဂီတရန်ပုံငွေဖျော်ဖြေပွဲကို ရုပ်မြင်သံကြားမှ လူ(၁၆)သန်းကျော် ကြည့်ရှုခဲ့ကြသည်။ ရာဂျစ်ဂန္ဒီသည် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် ဖြစ်လာသည်။

http://www.cherrythitsar.org





စာရေးဆရာ ကက်စထရို (ကျူးဘား)

ကျူးဘားသမ္မတ ကက်စထရိုသည် အမေရိကန်နိုင်ငံ Simon စာအုပ်တိုက်မှ စာအုပ်နှစ်အုပ် ရေးသားရန် ဒေါ်လာငွေ ၂ သန်းကို လက်ခံလိုက်သည်။ သူရေးမည့် စာအုပ်တစ်အုပ်၏ အမည်မှာ မာက်စ်ဝါဒ နှင့် ဘာသာရေး Religion and Manxism ဖြစ်သည်။



တစ်ခေတ်မှာ တစ်ယောက်
မက်ဒေါနား

တစ်ကမ္ဘာလုံးရှိ ဂီတချစ်သူများကြားတွင် ပေါက်ကွဲမှုတစ်ခုဖြစ်သော မက်ဒေါနား၏ 'အပျိုစင်ပါဘဲ' အယ်လ်ဘမ် ထွက်လာသည်။ အမေရိကန် ရုပ်ရှင်မင်းသား ရော့ဟတ်ဆန် (၅၉)နှစ်သည် AIDS ရောဂါဖြင့် ကွယ်လွန်ခဲ့ရာ သူ့ကြောင့်ပင် ထိုရောဂါ၏အမည်ကို ကမ္ဘာတစ်ဝှမ်းလုံးက သိရှိခဲ့ကြ၏။

http://www.cherrythitsar.org



ဂျာမန် ကဗျာဆရာကြီး ဟိန်းနရစ်ဘိုလ်း ကွယ်လွန်သည်။ နှစ်ဆယ်ရာစု ဂျပန်ပန်းချီ အမည်ဖြင့် ပန်းချီဆရာ (၅၂)ယောက်၏ လက်ရာ (၃၀၀) ကျော်ကို လန်ဒန်တော်ဝင်အကယ်ဒမီတွင် (အောက်တိုဘာ) ပြပွဲကျင်းပခဲ့၏။



သူ့ကြောင့် AIDS ရောဂါ ကမ္ဘာကျော်ခဲ့ရသော
မင်းသား ရော့ဟတ်ဆန်

## ၁၉၈၆



နန်းစွန့်ရသူ မားကို့စ်

အိမ်ဖြူတော်တွင် ရေဂင်နှင့် ဂိုဘာချော့တွေ့ဆုံ။ ဖိလစ်ပိုင်သမ္မတ မားကိုးစ် ရာထူးစွန့်ရကာ၊ ပြည်သူ့စွမ်းအားဖြင့် ကိုရာဇွန် အာကွီနို သမ္မတ ဖြစ်လာ။

ကိုလုံး (ဂျာမနီ) တွင် Ludwing ပန်းချီပြတိုက် ဖွင့်လှစ်။ နယူးယော့ ခေတ်ပြိုင်ပန်းချီပြတိုက်

http://www.cherrythitsar.org



သစ်တွင် Sots Art ပန်းချီပြပွဲ ကျင်းပ။ NEO - GEO အရှည်မှာ ( Neo-geo-metric Conceptualism) ပြပွဲကို နယူးယော့ Sonnatend Gallery တွင်ပြသခဲ့။



ကွယ်လွန်သူ လူးဝစ်ဘိုးဂတ်



မော်ဒန်ပန်းပုဖခင်ကြီး ဟင်နရီမိုး

ပြင်သစ်ဖြစ်တည်မှု ပဓာနဝါဒီခေါင်းဆောင် စာရေးဆရာမကြီး စီမွန်းဒီဗိုးဗွား(၇၈)၊ ပဥ္စလက်သရုပ်မှန်စာပေကို စတင်မျိုးစေ့ချခဲ့သူ စာရေးဆရာကြီး ဂျော့လူးဝစ် ဘောဂတ်စ် (၈၆)၊ ကမ္ဘာကျော် မော်ဒန်ပန်းပုဖခင်ကြီး ဟင်နရီမိုး (၈၈)တို့ အသီးသီး ကွယ်လွန်ခဲ့ကြ။

http://www.cherrythitsar.org



## ၁၉၈၇

ပေါ့အတ်ပန်းချီလောက၏ ဘုရင်တစ်ဆူဖြစ်သော အင်ဒီဝါးဟိုး ကွယ်လွန်။ ၁၈၈၉ ခုနှစ်က ရေးခဲ့သော ဗန်းဂိုး၏ Irise အိုင်းရစ်ပန်းများ ပန်းချီကားကို နယူးယော့တွင် ၅၃. ၉ သန်းဖြင့် လေလံတင်ရောင်းချခဲ့ရာ၊ ကမ္ဘာပေါ်တွင် အမြင့်ဆုံးဈေးအဖြစ် စံချိန်တင်ခဲ့။ (ထိုပန်းချီကားကို လွှန်ခဲ့ သော အနှစ်တရာခန့် ဗန်းဂိုး ရေးဆွဲခဲ့စဉ်က တစ်ပြားမှ မရခဲ့ချေ)

နယူးယော့စီးတီး Art Gallery တွင် William S. Burroughts (၇၃ နှစ်၊ Naked Lunch. The Western Lands ဝတ္ထုရှည်များရေးခဲ့သူ)သည် Shotgun Art ဟု အမည်ပေးထားသော သူ့လက်ရာပန်းချီကားများကို ပြသခဲ့လေသည်။

## ၁၉၈၈

အီရန်နှင့် အီရတ် စစ်ပွဲပြီးဆုံး။ ဂျော့ဘွတ်ချ် အမေရိကန်သမ္မတ ဖြစ်လာ။ စပိန်နိုင်ငံတွင် မော်ဒန်အတ်ပန်းချီပြတိုက် (De Art Modern ) ဖွင့်လှစ်။ နယူးယော့မြို့ စားသုံးသူများအဖွဲ့နှင့် အရောင်းပြခန်းများ၊ ပန်းချီကားများ ဈေးနှုန်းကြီးမားလွန်းမှုအတွက် အရေးအခင်းဖြစ်ကြသည်။ အမေရိကနှင့် အနောက်ဥရောပတွင် ကျယ်ပြန့်စွာ ဆိုဗီယက်(ရုရှား) ပြပွဲများ (တရားမဝင်) ပြသခဲ့သည်။

http://www.cherrythitsar.org



ကမ္ဘာပေါ်တွင် ခေတ်ပေါ်အကကို ပထမဆုံး တီထွင်ခဲ့သူ ဆရာမကြီး မာသာဂရေဟမ် ကွယ်လွန်ခဲ့သည်။ရုပ်ပြလောက၏ စူပါဖြစ်သော စူပါမင်း၏ အသက်ငါးဆယ်ပြည့်အခမ်းအနားကို တခမ်းတနား ကျင်းပခဲ့။




စူပါမင်း နှစ်ငါးဆယ်ပြည့်အခမ်းအနား

http://www.cherrythitsar.org



## ၁၉၈၉

ဂျပန်ကေရာဇ် ဟီရိုမီတို ကွယ်လွန်။ ဥရောပတွင် ကွန်မြူနစ်ဝါဒ စတင်ပြိုကွဲ။ ၁၉၆၁ ခုနှစ်မှ ကာရံထားသော ဘာလင်တံတိုင်းကို ဖြိုပျက်ပစ်ခဲ့။ ကမ္ဘာသည် AIDS ရောဂါဖြင့် စစ်ခင်းခဲ့ရ။ အမေရိကန်တစ်နိုင်ငံတည်းတွင်ပင် လူခြောက်သောင်းခြောက်ထောင်ကျော် ထိုရောဂါဖြင့် သေဆုံးခဲ့ရာ ဗီယက်နမ်စစ်ပွဲတွင် ကျဆုံးခဲ့သော ဦးရေထက် ပိုမိုများပြားခဲ့သည်။ Situationist Art ပန်းချီပြပွဲကို ပြင်သစ် (ပါရီ)တွင် ကျင်းပခဲ့သည်။ Richand Senra ၏ Public Art Work လက်ရာကို နယူးယော့တွင် ပြသခဲ့သည်။



**Isamu Noguchi ၏ Public Art လက်ရာ**

http://www.cherrythitsar.org



ဆာရီရယ်လစ် ပန်းချီကျော် ဒါလီနှင့် မော်ဒန်စာရေးဆရာကြီး ဆင်မြူရယ်ဘက်ကက် တို့ ကွယ်လွန်ခဲ့ကြ။

ဒူကူးပိုင်း၏ Inten Charge အမည်ရှိ ပန်းချီကားကို (ထိုကားကို ၁၉၅၅ ခုနှစ်က ရေးဆွဲခဲ့သည်) ဒေါ်လာ ၂၀. ၇ သန်းဖြင့် ရောင်းချခဲ့ရာ အသက်ထင်ရှားရှိနေသော ပန်းချီဆရာများထဲတွင် ဈေးအများဆုံးရသော ပန်းချီကားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

## ၁၉၉၀

ရှုမေနီးယား အာဏာရှင် ချောင်ဆက်စကူး ကျဆုံးခဲ့သည်။ နိုရီးဂါးကို ဖမ်းဆီးရန် အမေရိကန်က ပနားမားကို ဝင်ရောက်ခဲ့သည်။ ဂိုဘာချော့ကို ဆယ်စုနှစ်၏ အထူးချွန်ဆုံးလူသားအဖြစ် တိုင်းမဂ္ဂဇင်းက ရွေးချယ်ခဲ့၏။

သစ္စာနီ

http://www.cherrythitsar.org

